# Medicare မျှဝေ ငွေစုဆောင်းခြင်း အစီအစဉ်

# တာဝန်ခံစောင့်ရှောက်မှု အဖွဲ့အစည်းများ

*အကောင်းဆုံး ဂရုစိုက်မှုပေးဖို့ အတူတကွ ပူးပေါင်းဆောင်ရွက်ပါ။*

**သင်၏ကျန်းမာရေးစင်တာသည် တာဝန်ခံစောင့်ရှောက်မှု အဖွဲ့အစည်းများ (ACO) ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ အကောင်းဆုံး စောင့်ရှောက်မှုအား သင်လက်ခံရရှိနိုင်စေဖို့ တစ်ခြားသော ဆရာဝန်များ၊ဆေးရုံများ၊နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်သူတွေနှင့် ပူးပေါင်းနေကြပါတယ်။**

*ကျွန်ုပ်တို့သည် သင့်အား နေကောင်းစေရန်နှင့် ကျန်းမာစေရန်အတွက် ပူးပေါင်းဆောင်ရွက်စောင့်ရှောက်မှုပေးပါသည်။*

- သင့်လိုအပ်ချက်များအပေါ် အလေးထားတဲ့ လူနာဗဟိုပြု စောင့်ရှောက်မှုကို သင်ရရှိမည်ဖြစ်သည်။
- သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် တူညီသောစမ်းသပ်မှု ရလဒ်များ၊ကုထုံးမှုများနှင့် ဆေးညွှန်းများကို မြင်နိုင်ပါတယ်။
- ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းသည် ဆေးဘက်ဆိုင်ရာအမှားအယွင်းများနှင့် ဆေးဝါးအပြန်အလှန်တုံ့ပြန်မှုများကို တားဆီးကာကွယ်ပေးသည်။
- ထပ်ခါတလဲလဲ စမ်းသပ်မှုများနှင့် ချိန်းဆိုမှုများကို ရှောင်ရှားခြင်းဖြင့် သင်သည် အချိန်၊ ငွေနှင့် စိတ်ပျက်ရခြင်းများကို သက်သာစေနိုင်သည်။
- ပိုမိုကောင်းမွန်သောဆက်သွယ်ရေးက Medicare လိမ်လည်မှုနှင့်ဖြုန်းတီးမှုကို ကာကွယ်ရန် ကူညီပေးနိုင်ပါသည်။

*ကျွန်ုပ်တို့၏ ဆက်သွယ်ရေးနှင့် ပံ့ပိုးကူညီမှုဖြင့် သင့်စောင့်ရှောက်မှုမှ အကောင်းဆုံးရယူလိုက်ပါ။*

- ACO တွင်ပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူအား သင်ရွေးချယ်သောအခါ၊ ၎င်းတို့သည် သင့်အား မှန်ကန်သောစောင့်ရှောက်မှုကို အချိန်မှန်ရရှိရန် ကူညီပေးပါလိမ့်မည်။ သင်ဟာ Medicare.gov ကိုလာရောက် လေ့လာနိုင်ပါတယ် ပြီးလျှင် ပင်မစောင့်ရှောက်မှုဆရာဝန်ကို ရွေးချယ်ရန် သင်၏ လုံခြုံသော Medicare အကောင့်ကို ဖန်တီးပါ (သို့မဟုတ်) အကောင့်ဝင်ပါ။
- Medicare သည် သင့်ကျန်းမာရေးအချက်အလက်များ၏ လျှို့ဝှက်ရေးကို ကာကွယ်ပေးပါသည်။ စောင့်ရှောက်မှုညှိနှိုင်းမှုအတွက် Medicare သည် သင်၏ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် အချက်အလက်များမျှဝေခြင်းမပြုလိုပါက 1-800-MEDICARE (1-800-633-4227) သို့ခေါ်ဆိုပါ။ Medicare က ဝန်ဆောင်မှုပေးသူ၏ အရည်အသွေးကို တိုင်းတာရန်အတွက် အထွေထွေအချက်အလက်များကို မျှဝေနိုင်သေးသည်။ သင့်အချက်အလက်များကို Medicare မည်ကဲ့သို့အသုံးပြု၍ ထုတ်ပေးနိုင်သည်နှင့် ပတ်သက်၍ နောက်ထပ်အချက်အလက်များအတွက် ဝင်ရောက်ကြည့်ရှုဖို့အတွက် Medicare.gov ကို သွားပြီးတော့ "ကိုယ်ရေးကိုယ်တာ" ကိုရှာဖွေပါ။

## *နောက်ထပ် အချက်အလက် လိုချင်ပါသလား။*

မည်သည့်မေးခွန်းများအတွက်မဆို ကျွန်ုပ်တို့၏ရှေ့ခန်းကိုမေးပါ။ ရပ်ရွာစောင့်ရှောက်မှုသမဝါယမကိုလည်း သင်ခေါ်ဆိုနိုင်သည်။ 1-866-676-9226 (TTY: 711) တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် 8:00 မှ 5:00 နာရီအထိ။ (အီးအက်စ်တီ)။

သင်ဟာ[Medicare.gov](https://www.medicare.gov) သို့လည်း သွားရောက်ကြည့်ရှုနိုင်ပါတယ် သို့မဟုတ် 1-800-MEDICARE (1-800-633-4227) သို့ခေါ်ဆိုပါ။ TTY အသုံးပြုသူများသည် 1-877-486-2048 သို့ခေါ်ဆိုနိုင်ပါသည်။ Medicare နှင့်ပတ်သက်သော စိုးရိမ်ပူပန်မှု သို့မဟုတ် တိုင်ကြားချက်တစ်ခုကို သတင်းပို့ရန်၊ 1-800-MEDICARE (1-800-633-4227) သို့ခေါ်ဆိုပါ။

တာဝန်ခံစောင့်ရှောက်မှုအဖွဲ့အစည်းများအကြောင်း ပိုမိုလေ့လာရန်၊ ဤနေရာတွင် QR ကုဒ်ကို စကင်န်ဖတ်ပါ-